# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၉)

## လူထုလှုပ်ရှားမှု အနိုင်အရှုံးရလဒ်အကြောင်း စဉ်းစားပုံ

### ဆိုလိုရင်းအနှစ်ချုပ်

လူထုလှုပ်ရှားမှုရဲ့ရလဒ်ကို ဆင်ခြင်ရာမှာ လုံးလုံးအနိုင်နဲ့ လုံးလုံးအရှုံး ဆိုပြီး ယတိပြတ်သဘော၊ ဆန့်ကျင်ဘက် ဒွိစုံ (Binary) သဘော မစဉ်းစားဖို့ သုတေသီတွေက အကြံပြုပါတယ်။ ထင်ရှားတဲ့ သုတေသီ တဦးဖြစ်တဲ့ William Gamson (1990) က လူထုလှုပ်ရှားမှုရဲ့ ရလဒ်ကို အကဲဖြတ်တဲ့အခါ အခြေခံ ပေတံနှစ်ရပ်ကို အသုံးပြုဖို့တင်ပြပါတယ်။ တခုကတော့ အန်တုစိန်ခေါ်သူတွေရဲ့ ကံကြမ္မာ ဘယ်လိုဖြစ်လာမလဲ ဆိုတာနဲ့၊ နောက်တခုက အန်တုစိန်ခေါ်သူတွေ တောင်းဆိုတဲ့ အခွင့် အလမ်း အခင်းအကျင်းသစ် ရနိုင်သလားဆိုတာပဲ ဖြစ်ပါတယ်။ ပထမ အချက်မှာ လူထုလှုပ်ရှားမှုနည်းနဲ့ အန်တုစိန်ခေါ်သူတွေကို အုပ်စိုးသူ က လက်ခံလိုက်ရတာဖြစ်ပြီး ဒုတိယအချက်မှာတော့ လူထုတိုက်ပွဲ ကာလမှာပဲဖြစ်ဖြစ်၊ အပြီးမှာပဲဖြစ်ဖြစ် အန်တုစိန်ခေါ်သူတွေ တောင်း ဆိုတဲ့အခြေနေအခင်းကျင်းသစ်တရပ် (ဝါ) အနီးစပ်ဆုံးအကျိုးများတဲ့ အခြေနေသစ်တရပ် ပေါ်ထွန်းလာတာပဲဖြစ်ပါတယ်။ ချုပ်ရရင် (၁) **လူထုလှုပ်ရှားမှုကနေ အင်အားစုသစ်တရပ် ပေါ်ထွက်လာမယ်။ အဲဒီ အင်အားစုသစ်ဟာ လှုပ်ရှားမှုရဲ့ အကျိုးစီးပွားကို တရားဝင် ကိုယ်စား ပြုပေးနိုင်တဲ့ အင်အားစုသစ်အဖြစ် တည်ဆဲစနစ်က (ဝါ) အုပ်စိုးသူက လက်ခံလိုက်ရတာ။ လူထုထောက်ခံမှုရရှိထားတဲ့ စိန်ခေါ်အန်တုသူစုဖွဲ့မှု အသစ်၊ အဖွဲ့အစည်းအသစ်၊ အင်စတီကျူးရှင်းအသစ်ကို အုပ်စိုးသူက လက်ခံ အသိမှတ်ပြုပေးလိုက်ရတာပါပဲ။** (၂) **လူထုလှုပ်ရှားမှုက တောင်းဆိုတဲ့အတိုင်း ဒါမှမဟုတ် အနီးစပ်ဆုံး အကျိုးကျေးဇူးများတဲ့ အခြေနေသစ်တခုကို ရလိုက်တာ။ တနည်းအားဖြင့် နိုင်ငံရေး အခင်း အကျင်းမှာ အပြောင်းအလဲဖြစ်သွားတာ၊ တပန်းသာ အောင်မြင်လိုက် တာပဲ ဖြစ်ပါတယ်။** ဒီတိုင်းတာချက်နှစ်ရပ်ကို ပေါင်းစပ်တဲ့အခါ ရလဒ် လေးမျိုး ထွက်လာပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေ ကျယ်ပြန့်စွာနဲ့ နိုင်ငံတဝန်း ပေါ်ပေါက်ခဲ့ပါတယ်။ ပေါ်ပေါက်လာတဲ့ လူထုလှုပ်ရှားမှုအပေါ် အာဏာသိမ်းစစ်ကောင်စီက အင်အားသုံး အကြမ်းဖက်ဖြိုခွင်းတာတွေ လုပ်ခဲ့ပေမဲ့ လူထုလှုပ်ရှားမှုရဲ့အရှိန်က ရပ်တန့်မသွားဘဲ ဆန့်ကျင်အန်တုမှုတွေဟာ နိုင်ငံတဝန်းမှာ ပုံသဏ္ဌာန်မျိုးစုံနဲ့ အရှိန်ကောင်းနေဆဲဖြစ်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၉)

### လူထုလှုပ်ရှားမှု အနိုင်အရှုံးရလဒ်အကြောင်း စဉ်းစားပုံ

■ လူထုလှုပ်ရှားမှုနှင့်ရလဒ်လေးမျိုး

| | အကျိုးများသော အခြေအနေသစ် ရရှိခြင်း | အကျိုးများသော အခြေအနေသစ် မရရှိခြင်း |
|---|---|---|
| အင်အားစုသစ်ကို လက်ခံခြင်း | ၁ အောင်ပွဲ (တင်းပြည့် သို့မဟုတ် တစိတ်တပိုင်း အောင်ပွဲ) | ၂ ပေါ်ထွက်လာသော အင်အားစုသစ်ကို ရှိဆဲစနစ်ထဲ ဆွဲသွင်းအသုံးချခြင်း |
| အင်အားစုသစ်ကို လက်မခံခြင်း | ၃ အင်အားစုသစ်ကို နေရာမပေးဘဲ အခြေအနေသစ်ကို လိုသလိုပုံသွင်းပြီး လက်ဦးမှုယူခြင်း (တစိတ်တပိုင်း အောင်ပွဲ) | ၄ ပြိုကွဲခြင်း (မအောင်မမြင်ဖြစ် ရှုံးနိမ့်ခြင်း) |

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၉)
လူထုလှုပ်ရှားမှု အနိုင်အရှုံးရလဒ်အကြောင်း စဉ်းစားပုံ

ဇယားကိုကြည့်မယ်ဆိုရင် အကွက်အမှတ် ၁ နဲ့ ၄ က အနိုင်နဲ့အရှုံးကိုပြပြီး၊ အမှတ် ၂ နဲ့ ၃ က အင်အားစုအသစ် ပေါ်လာတယ်၊ သို့ပေတဲ့ ရှိရင်းစွဲစနစ်ထဲ ဆွဲသွင်းအစားခံရလိုက်ရတာ (ဇယားကွက် ၂) နဲ့ အုပ်စိုးသူက အခြေနေသစ်ကို သူ့စိတ်တိုင်းကျ လိုသလိုပုံသွင်းယူပြီး အင်အားစုအသစ်ကို အသိမှတ်မပြုတာ (ဇယားကွက် ၃) ဆိုတဲ့ အခြေအနေနှစ်ရပ်ကို တွေ့နိုင်ပါတယ်။ ဒီနေရာမှာ အင်အားစုသစ်ဟာ တော်လှန်ရေးကျပြီး အုပ်စိုးသူနဲ့စနစ်ရဲ့ အသိအမှတ်ပြုလက်ခံမှုကို မလိုအပ်ဘူး၊ စနစ်ဟောင်းကို အပြီးတိုင်ဖျက်ဆီးပစ်ရေး၊ စနစ်သစ်နဲ့ အစားထိုးရေးကိုသာ ဦးတည်တယ်ဆိုရင် အုပ်စိုးသူနဲ့စနစ်က လက်ခံအသိမှတ်ပြုခြင်း မပြုခြင်းဟာ အရေးမပါတော့ပါဘူး။ အလားတူပဲ အခွင့်သာတဲ့ နိုင်ငံရေးအခြေအနေသစ်ကို ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ ဆိုတာကလည်း ဒီ သုတေသနကိန်းရှင်တွေရဲ့ ရှင်းပြနိုင်စွမ်းကို အကန့်အသတ် ဖြစ်စေပါတယ်။

Tom Rochon and Daniel Mazmamian (1993) ကတော့ **လူထုလှုပ်ရှားမှုရဲ့ ရလဒ်ကို တိုင်းတာရာမှာ အင်အားစုသစ်ကို လက်ခံခြင်း မခံခြင်း၊ အကျိုးများတဲ့ အခြေနေသစ် ပေါ်ထွန်းခြင်း၊ မပေါ်ထွန်းခြင်း အပြင် လူထုလှုပ်ရှားမှုကြောင့် လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးထားမှုတွေ ပြောင်းလဲခြင်းကိုပါ တတိယအချက်အဖြစ် ထည့်သွင်းလေ့လာခဲ့ပါတယ်။**

### ဘာကြောင့်အလေးထားသင့်လဲ

လူထုလှုပ်ရှားမှုရဲ့ရလဒ်တွေကို လေ့လာခြင်းက အလေးထားသင့်တဲ့ ကိစ္စရပ်တခုဖြစ်ပါတယ်။ လူထုလှုပ်ရှားမှုရဲ့ အကျိုးဆက်ဟာ နိုင်ငံရေးနဲ့ နိုင်ငံတော်အင်စတီကျူးရှင်းတွေ၊ ဥပဒေပိုင်း၊ စီးပွားရေးစနစ်နဲ့ လူမှုတန်ဖိုးတွေကိုသာမက လူတဦးစီရဲ့ ဘဝဇာတ်ကြောင်းကိုပါ အလှည့်အပြောင်းဖြစ်စေတဲ့ ရလဒ်တွေ ရှိတတ်ပါတယ်။ ရလဒ်ဟာ လက်တလော မြင်သာထင်သာ အသီးအပွင့်သာမက အလယ်အလတ်နဲ့ ရေရှည်အကျိုးဆက်တွေလည်း ဖြစ်တတ်ပါတယ်။ တိုက်ရိုက်သာမက သွယ်ဝိုက်လည်း ဖြစ်လေ့ရှိပါတယ်။ ဒါကြောင့် လူထုလှုပ်ရှားမှုရဲ့ရလဒ်ကို အနိုင်အရှုံး လုံးလုံးလျားလျားဆိုပြီး မှတ်ယူတာထက် ဘက်စုံက ကျယ်ကျယ်ပြန့်ပြန့် အလေးထားလေ့လာတာဟာ လက်တွေ့မဟာဗျူဟာသမား၊ မူဝါဒသမားတွေသာမက လှုပ်ရှားမှုမှာ ပါဝင်နေသူတွေအတွက်ပါ အကျိုးများပါတယ်။

### မြန်မာနိုင်ငံနဲ့ ဆီလျော်သလား

ဒီလေ့လာမှုဟာ မြန်မာနိုင်ငံအတွက် ယခုကာလမှာ အထူးဆီလျော်လှပါတယ်။ အထက်ဖော်ပြပါ ဇယားမှာလာတဲ့ ရလဒ်လေးမျိုးကို မြန်မာ့လူထုလှုပ်ရှားမှုသမိုင်းနဲ့ ယှဉ်ကြည့်နိုင်ပါတယ်။ ဥပမာ- ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ လူထုလှုပ်ရှားမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် အင်အားစုအသီးသီး ပေါ်ထွက်ခဲ့ပါတယ်။ အာဏာသိမ်း နဝတစစ်အစိုးရဟာ လူထုတောင်းဆိုချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ယတိပြတ် မငြင်းဆန်နိုင်ဘဲ ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲ ကျင်းပပေးခဲ့ရပါတယ်။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အင်အားစုသစ်ဖြစ်တဲ့ NLD ရဲ့ တရားဝင်ကိုယ်စားပြုမှုကို လက်ခံခဲ့ရပါတယ်။ အာဏာသိမ်း စစ်အစိုးရက ကတိဖျက်ပြီး ရွေးကောက်ပွဲရလဒ်ကို ငြင်းဆန်ခဲ့တာကြောင့် အာဏာရှင်စနစ်ကို အန်တုစိန်ခေါ်သူတွေဘက်က လုံးလုံးလျားလျား အောင်ပွဲရတယ်လို့ မဆိုနိုင်ပေမယ့် ရှစ်လေးလုံးလှုပ်ရှား

## **အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၉)**
## လူထုလှုပ်ရှားမှု အနိုင်အရှုံးရလဒ်အကြောင်း စဉ်းစားပုံ

မှုဟာ အင်အားစုအသစ်ကို အုပ်စိုးသူ/စနစ်က လက်ခံခဲ့ရတာ၊ တခါ အခြေနေသစ်ပေါ်ဖို့တာစူခဲ့တာကြောင့် တစိတ်တပိုင်း အောင်မြင်တယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒီရှစ်လေးလုံးအရေးတော်ပုံကြီးကို **ဇယားဖော်ပြပါ အကွက်(၁)နဲ့ ဆက်စပ်သုံးသပ်နိုင်ပါတယ်။**

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး လူထုလှုပ်ရှားမှုမှာတော့ အင်အားစုသစ်ပေါ်လာတာ၊ ဒါကို စစ်အစိုးရက လက်ခံခဲ့တာမျိုး မတွေ့ရပါဘူး (တတိယအင်အားစု Third Force ကိစ္စကတော့ သီးသန့်ဆွေးနွေးရပါမယ်)။ ဒါပေမဲ့ လူထုလှုပ်ရှားမှုရဲ့ အကျိုးဆက်အဖြစ် တရုတ်အပါအဝင် နိုင်ငံတကာက ဖိအားပေးလို့ စစ်အစိုးရက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို မြန်မြန် အဆုံးသတ်ပြဋ္ဌာန်းပြီး ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးဖြေလျှော့မှု အခြေအနေသစ်ကို ရှေးရှုစေခဲ့ပါတယ်။ **ဇယားဖော်ပြပါအကွက်(၂)နဲ့ ဆက်စပ် သုံးသပ်နိုင်ပါတယ်။**

လက်ရှိဖြစ်ပေါ်နေတဲ့ ၂၀၂၁ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုဟာ ဘယ်လိုရလဒ်မျိုး ပေါ်ထွန်းလာမလဲဆိုတာ သုတေသနရှုထောင့်အရ အကဲဖြတ်ဖို့ စောနေပါသေးတယ်။ သေချာတာကတော့ ဒီလှုပ်ရှားမှုကြီးရဲ့ ကျေးဇူးကြောင့် လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးထားမှုတွေ ပြောင်းလဲသွားနေတာကို တွေ့ရပါတယ်။ လူများစု ဗမာဒေသက ဆန္ဒပြသူတွေ၊ ဩဇာရှိတဲ့ လူမှုကွန်ရက်သုံးစွဲသူတွေအကြားမှာ တိုင်းရင်းသားအရေး၊ ဘာသာရေး၊ လူနည်းစုတွေရဲ့အရေးကို ပိုပြီး နားလည်ခံစားပေးလာနိုင်တာ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ ကာကွယ်ရေးတွေကို ပိုပြီးတန်ဖိုးထားလာတာ၊ မျိုးဆက်သစ်တွေကိုလေးစားပြီး အထက်အောက် ဆရာမွေး-တပည့်မွေး ဆက်ဆံရေးကို လက်မခံတော့တာ၊ အသွင်ကူးပြောင်းမှု တရားမျှတရေးကစလို့ တရားမှုအကြောင်းကို ပိုပြီး လေးနက်လာကြတာ၊ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာလည်း ကျင့်ဝတ်မဲ့သူတွေနဲ့ ပေါင်းဖက်တာကို စားသုံးသူသပိတ်မှောက်ဖို့ လှုံ့ဆော်လာကြတာ၊ နိုင်ငံတကာဆက်ဆံရေးမှာ လူထုရှုထောင့်ကနေ မိတ်ဆွေစစ်နဲ့ မိတ်ဆွေတုကို ခွဲမြင်လာကြတာစတဲ့ တန်ဖိုးနဲ့၊ နှုန်းစံတော်လှန်ရေးကတော့ လက်ငင်းရလဒ်တခုအဖြစ် သိသိသာသာ မြင်နေကြရပါပြီ။ ဒီ တန်ဖိုးနှုန်းစံတွေကို အရှည်ဆက်တည်အောင် အားထုတ်နိုင်မယ်ဆိုရင်ပဲ ဒါဟာ ကြီးမားတဲ့ နိုင်ငံရေးအကျိုးကျေးဇူး ဖြစ်ပေါ်စေမှာ သေချာပါတယ်။ ဒီတန်ဖိုးထားမှုနဲ့ နှုန်းစံတော်လှန်ရေးဟာ လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးယဉ်ကျေးမှုကို ပြောင်းလဲစေမယ်၊ ပေါ်ထွန်းလာမယ့် ခေါင်းဆောင်မှုအသစ်တွေကို ထိန်းကွပ်လမ်းညွှန်နိုင်မယ်၊ အဆုံးတနေ့မှာ အင်စတီကျူးရှင်းနဲ့ စနစ်ပြောင်းလဲရေးအတွက် အားကြီးတဲ့ အထောက်အပံ့ဖြစ်စေမယ်လို့ နောက်ပိုင်းပေါ်လာတဲ့ သုတေသနတော်တော်များများက သက်သေထုတ် တင်ပြကြပါတယ်။

### Further Readings

Gamson, William A. 1990. The Strategy of Social Protest. Belmont, CA: Wadsworth Publishing Co.

Rochon, Thomas R. and Daniel Mazmanian. 1993. “Social Movements and the Policy Process.” Annals of the American Academy of Political and Social Sciences 528:75–87.

Tarrow, Sidney G. 2011. Power in Movement: Social Movements and Contentious Politics, 3rd edition (Cambridge: Cambridge University Press)